# နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်အား ထုတ်ပြန်ကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီ ("ကုမ္ပဏီ" နှင့်၎င်း၏လက်အောက်ခံကုမ္ပဏီကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၇ခုနှစ်၊စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော (၆)လ (၂၀၁၇-၁၈ခုဘဏ္ဍာရေးနှစ်ဝက်ကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်ဝက်ကာလ) အတွက် ကုမ္ပဏီ၏စာရင်းစစ်ဆေးခြင်းမပြုလုပ်ရသေးသော နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းများကိုရည်ညွှန်းလျက် ဤကြေညာချက်နှင့်အတူပူးတွဲထုတ်ပြန်အပ်ပါသည်။

ကုမ္ပဏီစီမံခန့်ခွဲရေးအဖွဲ့သည် အဆိုပါနှစ်ဝက်ကာလဘဏ္ဍာရေးရှင်းတမ်းနှင့်ပတ်သက်၍ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်တို့အား အောက်ပါအတိုင်းအသိပေးတင်ပြအပ်ပါသည်။

**အရေးပါသောတင်ပြချက်များ**
**ကုမ္ပဏီအုပ်စုဝင်ငွေရှင်းတမ်းအကျဉ်းချုပ်**

| | **HY 2017-18** | HY 2016-17 | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* | |
| Revenue | **95,753,265** | 74,663,848 | 28.3% |
| Cost of Sales | **(63,896,870)** | (51,562,184) | 23.9% |
| Gross Profit | **31,856,395** | 23,071,664 | 38.1% |
| *Gross Margin* | ***33.3%*** | *30.9%* | *2.4%* |
| Expenses | **(31,160,381)** | (20,448,903) | 52.4% |
| Share of profit of associates | **11,929,786** | (118,120) | see footnote* |
| Profit from operating activities | **12,625,800** | 2,504,641 | 404.1% |
| Profit from non-operating activities | **602,534** | 5,268,447 | (88.6)% |
| Total profit before income tax | **13,228,334** | 7,773,088 | 70.2% |
| Income tax expense | **(1,239,737)** | (1,575,015) | (21.3)% |
| Net profit | **11,988,597** | 6,198,073 | 93.4% |
| Earnings per share | **449** | 207 | 116.9% |

ယခုဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်တွင် ရရှိသည့် ကုမ္ပဏီအုပ်စု၏ဝင်ငွေ ကျပ်၉၅.၇ဘီလီယံသည် ယခင်နှစ်အလားတူကာလတွင် ရရှိခဲ့သောကျပ်၇၄.၆ဘီလီယံထက်၂၈.၃% ပိုမိုများပြားခဲ့ပါသည်။

ဤသို့ တိုးတက်လာရခြင်းအကြောင်းရင်းမှာဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၏ ထူးခြားသောစွမ်းဆောင်မှုကြောင့်ဖြစ်ပြီးဝင်ငွေရလဒ်အားဖြင့် ၂၀၁၆-၁၇နှစ်ဝက်၏ ဝင်ငွေကျပ် ၆၇.၄ဘီလီယံမှ ၂၀၁၇-၁၈နှစ်ဝက်တွင် ကျပ် ၈၆.၅ဘီလီယံသို့ ၂၈.၂% တိုးတက်စွမ်းဆောင်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ လုပ်ငန်းပိုင်းတွင် အဓိကအားဖြင့် ချေးငွေစာရင်းတိုးတက်လာမှုနှင့်စိုက်ပျိုးရေးချေးငွေအစီအစဉ်တို့ကြောင့် ချေးငွေများ၊ ငွေပိုထုတ်ယူခြင်းနှင့် အငှားဂယ်စနစ်ဖြင့်ဂယ်ယူခြင်းမှအတိုးဝင်ငွေတိုးတက်လာပြီး ဂန်ဆောင်မှုလုပ်ငန်းများမှရရှိသောဝင်ငွေသည်လည်း အတန်အသင့်တိုးတက်လာခဲ့ပါသည်။

* တိုးတက်မှုရာခိုင်နှုန်းမှာ ၁၀၁၉၉.၇ % ဖြစ်ပြီး ရုတ်ချည်းတိုးမှုသည် တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။

အလားတူပင်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှဝင်ငွေသည်လည်း ယခင်နှစ် ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက ကျပ် ၇.၁ဘီလီယံမှ ကျပ် ၉ ဘီလီယံသို့ ၂၆.၇%တိုးတက်လာခဲ့ပါသည်။ ဆေးရုံသို့လာရောက်ကုသမှုခံယူသည့် အတွင်းလူနာဦးရေတိုးများလာခဲ့ခြင်းနှင့် ဖြည့်စွက်ဝန်ဆောင်မှုများဖြစ်သည့် ဆေးကုသရေးအထောက်အပံ့၊ ဓာတ်မှန်၊ ဆေးပေးခန်းနှင့်ဆေးဝါးရောင်းချခြင်းလုပ်ငန်းများမှ ဝင်ငွေသည်လည်း၂၉.၂% တိုးတက်လာခဲ့ပါသည်။

ယခင်နှစ်ဝက်နှင့်ယခုနှစ်ဝက်တွင်ရရှိသောဝင်ငွေများကိုအောက်ပါအတိုင်းခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| | HY 2017-18 | HY 2016-17 | % Change |
|---|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* | |
| Financial Services | 86,505,145 | 67,460,684 | 28.2% |
| Healthcare Services | 9,053,810 | 7,146,164 | 26.7% |
| Dividend Income | 167,310 | - | - |
| Rental | 27,000 | 27,000 | 0.0% |
| **Total** | **95,753,265** | **74,633,848** | **100.0%** |

ဝင်ငွေအပေါ်အကြမ်းအမြတ်အချိုးမှာ ယခင်ဘဏ္ဍာရေးနှစ်ဝက်တွင်၃၀.၉% ရှိရာမှယခုနှစ်ဝက်တွင် ၃၃.၃%သို့ အနည်းငယ် တိုးတက်လာခဲ့ပါသည်။ အကြောင်းမှာ ရိုးမဘဏ်အနေနှင့် ဘဏ်စုဆောင်းငွေအပေါ်အတိုးပေးရငွေ အနည်းငယ်လျော့နည်းခြင်းကြောင့် အကြမ်းအမြတ်တိုးတက်လာမှုနှင့် ပန်းလှိုင်စီလုံဆေးရုံအနေနှင့် ရှိပြီးသားစံနှုန်းကို ထိန်းသိမ်းထားခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုအသုံးစရိတ်စုစုပေါင်းအနေဖြင့် ယမန်ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်၂၀.၄ဘီလီယံမှ ယခုနှစ်ဝက်တွင်ကျပ်၃၁.၁ဘီလီယံသို့ ၅၂.၄%ပိုမိုများပြားလာခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ခွဲထွင်လာသောလုပ်ငန်းများကိုဦးဆောင်ရန်အတွက် အရည်အချင်းပြည့်ဝသောဝန်ထမ်းများ ခန့်အပ်သည့်မူဝါဒကြောင့် ဝန်ထမ်းလစာအသုံးစရိတ်အဓိကတိုးတက်ခဲ့ပြီး ပိုမိုများပြားလာသောပညာရှင်စရိတ်များ၊ ရုံးခန်းငှားရမ်းခများ၊ တန်ဖိုးလျော့အသုံးစရိတ်များနှင့် ဘဏ္ဍာရေးစရိတ်များကြောင့်ဖြစ်ပါသည်။ ဘဏ္ဍာရေးစရိတ်ယခင်နှစ်နှစ်ဝက် ကျပ် ၅၇၂.၃သန်းမှ ယခုနှစ်နှစ်ဝက်ကျပ် ၁.၅ ဘီလီယံအထိတိုးတက်များပြားလာရခြင်းမှာ ဘန်ကောက်ဘဏ်မှချေးယူထားသောချေးငွေအပေါ် ပေးဆောင်ရသည့် အတိုးစရိတ် ပိုမိုလာခြင်းကြောင့်ဖြစ်ပါသည်။

တွဲဖက်ကုမ္ပဏီများမှခွဲဝေရရှိသောအမြတ်ငွေမှာ ၂၀၁၆-၁၇ဘဏ္ဍာရေးနှစ်ဝက်တွင် အရှုံးကျပ်၁၁၈.၁သန်းမှ ယခုဘဏ္ဍာရေးနှစ်ဝက်တွင် အမြတ်ကျပ်၁၁.၉ဘီလီယံသို့ဂမ်းမြောက်ဖွယ်ရာတိုးတက်ခဲ့ပါသည်။၎င်းတို့အနက် Star City အိမ်ခန်းများရောင်းချခဲ့သည့်Thanlyin Estate Development မှဝင်ငွေ၆၉.၈% တိုးတက်ခဲ့ခြင်းနှင့် Balloons over Baganလုပ်ငန်းကို SHC Capital Asia သို့လွှဲပြောင်းခြင်းကြောင့် Chindwin Holdings တွင် တစ်ပွဲတိုးအမြတ်ငွေကျပ်၆.၀ဘီလီယံရရှိခဲ့ခြင်းတို့မှ ဘဏ္ဍာရေးရလဒ်ကိုအဓိကပံ့ပိုးခဲ့ပါသည်။ ရန်ကုန်မြို့လယ်ရှိ Yoma Central စီမံကိန်းအတွက် FMI Centre ကိုဖြိုဖျက်သွားမည်ဖြစ်သောကြောင့် ရုံးခန်းငှားရမ်းခြင်းလုပ်ငန်းများကိုရပ်နားလိုက်သည့် Meeyahtar International Hotel ၏အမြတ်ငွေမှာမှုလျော့နည်းသွားခဲ့ပါသည်။

တွဲဖက်ကုမ္ပဏီများမှခွဲဝေရရှိသည့်အမြတ်ငွေများကိုအောက်ပါအတိုင်းခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

| Associate | Interest held by FMI (%) | Group Share of profit *(Ks. '000s)* |
|---|---|---|
| Chindwin Holdings Pte Ltd | 30.0% | 6,014,364 |
| Thanlyin Estate Development Co., Ltd. | 30.0% | 5,977,396 |
| Meeyahta International Hotel Ltd. | 20.0% | 58,196 |
| LSC-FMI Co., Ltd. | 50.0% | (561) |
| Pun Hlaing Link Services Co., Ltd | 30.0% | (50,093) |
| FMI Garden Development Co., Ltd. | 47.5% | (69,516) |
| **Total** | | **11,929,786** |

ဝင်ငွေတိုးတက်လာမှုနှင့် တွဲဖက်ကုမ္ပဏီများ၏ခွဲဝေအမြတ်ငွေသိသိသာသာတိုးတက်လာမှုတို့ကြောင့် ကုမ္ပဏီအုပ်စု၏အမြတ်ငွေမှာ ယခင်နှစ်နှစ်ဝက်ရှိ ကျပ်၂.၅ဘီလီယံမှ ယခုနှစ်နှစ်ဝက်တွင် ကျပ်၁၂.၆ဘီလီယံသို့ ရလဒ်အားဖြင့် ၄၀၄.၁%တိုးတက်လာကြောင်း စီမံခန့်ခွဲရေးအဖွဲ့အနေနှင့်ဂုဏ်ယူဝမ်းမြောက်စွာပင်တင်ပြအပ်ပါသည်။

လုပ်ငန်းလည်ပတ်မှုမှမဟုတ်သောအမြတ်သည် ယခင်နှစ်ဝက်ရလဒ် ကျပ်၅.၃ဘီလီယံမှ ယခုနှစ်ဝက်တွင် ကျပ်ဝ.၆ဘီလီယံသို့ကျဆင်းသွားခဲ့ပါသည်။ ဤသို့ကျဆင်းရခြင်းမှာ ယခင်နှစ်တွင်ရရှိခဲ့သည့် Available-for-Sale Investment များရောင်းချခြင်းမှရရှိသော တစ်ပွဲတိုးအမြတ်ငွေကဲ့သို့ ယခုနှစ်တွင်မရှိခြင်းကြောင့်ဖြစ်ပြီး ကုမ္ပဏီအုပ်စု၏စွမ်းဆောင်ရည်နှင့်မသက်ဆိုင်ကြောင်းကိုလည်း အစုရှယ်ယာရှင်များကိုအသိပေးအပ်ပါသည်။

လုပ်ငန်းလည်ပတ်မှုမှမဟုတ်သောအမြတ်ငွေများကိုအောက်ပါအတိုင်းခွဲခြားနိုင်ပါသည်။

| | *(Ks. '000s)* |
|---|---:|
| Gain on Disposal of Available-for-Sale Investments | 119,686 |
| Loss on Disposal of Property, Plant & Equipment | (895) |
| Gain on Foreign Currency Exchange Difference | 492,485 |
| Write off Investment in Subsidiaries | (8,742) |
| **Total** | **602,534** |

Available-for-sale investment များကိုရောင်းချခြင်းမှရရှိသည့်အမြတ်ငွေမှာ MTSH ရှယ်ယာအချို့ကိုရောင်းချခြင်းမှဖြစ်ပါသည်။ စက်တင်ဘာလ၃၀ရက်နေ့စာရင်းများအရ FMI သည် MTSH ရှယ်ယာစုစုပေါင်း၏၁.၆၅% ခန့်ကိုဆက်လက်ပိုင်ဆိုင်ထားပါသည်။

နိုင်ငံခြားငွေဖလှယ်ခြင်းအရံစာရင်းတွင် ယခင်နှစ်နှစ်ဝက်၌ကျပ်၁.၆ဘီလီယံဆုံးရှုံးမှုအဖြစ် စာရင်းသွင်းခဲ့ပြီး ယခုနှစ်နှစ်ဝက်တွင်ကျပ်၄၉၂သန်းမြတ်စွန်းမှုအဖြစ် စာရင်းသွင်းနိုင်ခဲ့ပါသည်။ အကြောင်းရင်းမှာ ကုမ္ပဏီအုပ်စုလက်အောက်ရှိကုမ္ပဏီများ(အဓိကအားဖြင့်ရိုးမဘဏ်)၏ နိုင်ငံခြားငွေကြေးစီမံခန့်ခွဲမှုပိုမိုတိုးတက်လာခြင်းနှင့် အမေရိကန်ဒေါ်လာ-မြန်မာကျပ်ငွေလဲလှယ်မှုနှုန်း တည်ငြိမ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

FMI Trading Centre အဖြစ် ဆောင်ရွက်ခဲ့သည့်ရိုးမသစ္စာကုမ္ပဏီကိုဖျက်သိမ်းလိုက်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုမှထုတ်ပယ်မှုစာရင်းတွင် ကျပ်၈.၇သန်းကိုစရိတ်အဖြစ်ကျခံခဲ့ပါသည်။

အထက်တင်ပြပါတို့ကိုပေါင်းချုပ်ရသော် လုပ်ငန်းလည်ပတ်မှုအမြတ်ငွေတောင့်တင်းကောင်းမွန်မှုကြောင့် ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်သည် ၂၀၁၆-၁၇ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်၆.၁ဘီလီယံရှိရာမှ ယခုနှစ် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ဝက်တွင် ကျပ်၁၁.၉ဘီလီယံသို့ သိသိသာသာ၉၃.၄% တိုးတက်လာခဲ့ပါသည်။

အသားတင်အမြတ်ငွေတိုးတက်လာမှုကြောင့် ရှယ်ယာတစ်စုဝင်ငွေသည်ယခင်နှစ်နှစ်ဝက်ရလဒ်၂၀၇ကျပ်မှ ယခုနှစ်တွင်၄၄၉ကျပ်သို့၁၁၆.၉% တိုးတက်လာခဲ့ပါသည်။ ယခုနှစ်ဝက်ကာလအတွင်း ရှယ်ယာသစ်၂.၃သန်းထုတ်ပေးခဲ့မှုကြောင့် ကုမ္ပဏီ၏စုစုပေါင်းရှယ်ယာအရေအတွက်မှာ အနည်းငယ် တိုးတက်လာခဲ့ပါသည်။

ကုမ္ပဏီအုပ်စုလက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| | HY 2017-18 | FY 2016-17 | % Change |
|---|---|---|---|
| **ASSETS** | *(Ks. '000s)* | *(Ks. '000s)* | |
| Total current assets | **1,462,256,439** | 1,382,774,930 | 5.7% |
| Total non-current assets | **514,688,782** | 452,074,799 | 13.9% |
| Total assets | **1,976,945,221** | 1,834,849,729 | 7.7% |
| | | | |
| **Liabilities** | | | |
| Total current liabilities | **1,650,942,156** | 1,517,093,870 | 8.8% |
| Total non-current liabilities | **35,249,650** | 36,626,481 | (3.8)% |
| Total liabilities | **1,686,191,806** | 1,553,720,351 | 8.5% |
| | | | |
| **Equity** | | | |
| Total equity | **290,753,415** | 281,129,378 | 3.4% |
| Total equity and liabilities | **1,976,945,221** | 1,834,849,729 | 7.7% |

လက်ငင်းရပိုင်ခွင့်များအနေဖြင့်၂၀၁၇ခုနှစ်မတ်လ၃၁ရက်စာရင်းမှ၅.၇% တိုးတက်လာခဲ့ပါသည်။အဓိကအားဖြင့် ရိုးမဘဏ်မှ ထုတ်ချေးငွေ ကျပ်၁၀၇၆.၉ဘီလီယံမှ ကျပ်၁၁၆၈.၉ဘီလီယံသို့ ၈.၅% တိုးတက်လာခြင်းကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သောရပိုင်ခွင့်များသည်လည်း ၁၃.၉% တိုးတက်ခဲ့ပြီးအဓိကအားဖြင့်အစိုးရ၏ငွေတိုက်စာချုပ်များကိုထပ်တိုးဝယ်ယူမှုကြောင့် ဖြစ်ပါသည်။

ရိုးမဘဏ်တွင်အပ်ငွေတိုးတက်မှုနှင့် ပန်းလှိုင်စီလုံဆေးရုံ၏ချေးငွေယူဆောင်ထားမှုတို့ကြောင့် ကုမ္ပဏီအုပ်စု၏လက်ငင်းပေးရန်တာဝန်များသည် ၈.၈% တိုးတက်ခဲ့ပါသည်။ ယခုနှစ်ဝက်ကုန်တွင်ရိုးမဘဏ်ရှိအပ်နှံငွေများမှာ ယခင်နှစ်ကုန်စာရင်းကျပ်၁၄၃၄.၂ဘီလီယံမှ ယခုနှစ်ကျပ်၁၅၆၁.၄ဘီလီယံသို့တိုးတက်ခဲ့ပါသည်။

ဘန်ကောက်ဘဏ်မှချေးငွေတစ်စိတ်တပိုင်းကို လက်ငင်းပေးရန်တာဝန်သို့ပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၃.၈% ကျဆင်းခဲ့ပါသည်။

ကုမ္ပဏီအုပ်စုရှယ်ယာရှင်များပိုင်ဆိုင်မှုသည် ရိုးမဘဏ်၏လက်ကျန်အမြတ်ငွေတိုးတက်မှုနှင့် ရှယ်ယာသစ်များထုတ်ပေးမှုတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်ဝက်တွင်၃.၄% တိုးတက်ခဲ့ပါသည်။

**ကုမ္ပဏီအုပ်စုငွေသားစီးဆင်းမှုရှင်းတမ်းအကျဉ်းချုပ်**

| | **HY 2017-18** | HY 2016-17 |
|---|---|---|
| | *(Ks. '000s)* | *(Ks. '000s)* |
| Cash provided by (used in) operating activities | **35,667,962** | 43,711,077 |
| Cash provided by (used in) investing activities | **(47,659,198)** | (101,010,182) |
| Cash provided by (used in) financing activities | **(4,090,471)** | 10,729,321 |
| Net increase (decrease) in cash and cash equivalents | **(16,081,707)** | (46,569,784) |
| Cash and cash equivalents at the beginning of the Period | **203,244,224** | 187,642,183 |
| Cash and cash equivalents at the end of the Period | **187,162,517** | 141,072,399 |

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ၃၀ရက်နေ့စာရင်းရှိ လက်ကျန် ကျပ်၁၄၁.၀ဘီလီယံ နှင့်နှိုင်းယှဉ်ပါက ကုမ္ပဏီအုပ်စု၏ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ၃၀ရက်တွင် ကျပ်၁၈၇.၁ဘီလီယံသို့ တိုးတက်ခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မှုမှ ငွေသားစီးဝင်မှုလျော့နည်းသွားရခြင်းမှာ ကုမ္ပဏီမှပေးရန်တာဝန်များလျော့နည်းသွားသောကြောင့်ဖြစ်ပြီး၊ ရင်းနှီးမြုပ်နှံမှုမှငွေသားစီးထွက်မှု ကျပ်၄၇.၆ဘီလီယံသို့လျော့နည်းသွားရခြင်းမှာ ယခင်နှစ်ဝက်နှင့်နှိုင်းယှဉ်ပါက ရိုးမဘဏ်မှ အစိုးရငွေတိုက်စာချုပ်ရယူခြင်း လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များမှငွေသားစီးထွက်မှုမှာတော့ ကျပ်၄.၀ဘီလီယံရှိခဲ့ပြီး အကြောင်းမှာ ရိုးမဘဏ်၏ချေးငွေအချို့ကိုပြန်လည်ပေးဆပ်လိုက်သောကြောင့်ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်**

မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုရေစီးကြောင်းနှင့်အတူ FMI ကုမ္ပဏီအုပ်စုအနေဖြင့် ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကုန်ဆုံးသည့်ယခုနှစ်ဝက်တွင် "မဏ္ဍိုင်သုံးရပ်" မဟာဗျူဟာအပေါ်အခြေခံဆက်လက်၍ တိုးတက်လျှောက်လှမ်းနိုင်ခဲ့ပါသည်။ အိမ်ရာတည်ဆောက်မှုလုပ်ငန်းများမှာ ယခင်နှစ်အခြေအနေမှတဖြည်းဖြည်းနာလန်ထူနိုင်ခဲ့ပြီး ရိုးမဘဏ်အနေနှင့်ရလဒ်ကောင်းများကို ဆက်လက်ပေးစွမ်းနိုင်ခဲ့ပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၏စွမ်းဆောင်မှုအနေဖြင့် ရိုးမဘဏ်သည် အသုံးပြုသူအများအပြားကိုဆွဲဆောင်နိုင်ခဲ့သည့် "SMART" Mobile Banking Platform ကိုအောင်မြင်စွာထူထောင်နိုင်ခဲ့ပြီး၊ FMI ကုမ္ပဏီ၊ ရိုးမဘဏ်နှင့် Telenor Myanmar တို့ဖက်စပ်တည်ထောင်ထားသည့် Wave Money မှလည်း ၎င်း၏တိုးချဲ့ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် Wave ဆိုင်ပေါင်းတစ်သောင်းကျော် မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိနေပြီဖြစ်ပါသည်။ မကြာသေးမီကပင် အာရှတိုက်တွင်ဦးဆောင်နေသည့် Ride-sharing ကုမ္ပဏီဖြစ်သည့် Grab နှင့်လည်းပူးပေါင်း၍ ၎င်း၏အငှားယာဉ်စနစ်အတွက် Online ငွေပေးချေမှုစနစ်ကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ Mobile ဖုန်းထိုးဖောက်မှုအံ့မခန်းတိုးတက်လာမှုနှင့်အတူ ကျွန်တော်တို့၏အားသွန်ခွန်စိုက်တိုးတက်အောင်ကြိုးပမ်းမှုတို့ကြောင့် ရိုးမဘဏ်၏ Mobile ဘဏ်လုပ်ငန်းများကို များစွာအထောက်အကူဖြစ်လာမည်ဟုယုံကြည်ပါသည်။

အိမ်ရာတည်ဆောက်မှုလုပ်ငန်းတွင်လည်း မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်လာမှုကြောင့် ဝယ်လိုအားမြင့်တက်လာမည်ဟုယုံကြည်ပါသည်။ တွဲဖက်ကုမ္ပဏီတစ်ခုဖြစ်သည့် Thanlyin Estate Development မှ ရောင်းအားများတိုးတက်ခဲ့ပါသည်။ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် တန်ဖိုးရှိသောရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး ကုမ္ပဏီမှ ၁၂% ပိုင်ဆိုင်သည့် Yoma Central စီမံကိန်းအတွက် Demolition နှင့် Test Piling အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကုမ္ပဏီမှ ၆% ပိုင်ဆိုင်သည့် Peninsula Yangon စီမံကိန်းနှင့်တစ်ပြိုင်နက် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ၎င်းစီမံကိန်းများကို ဆောက်လုပ်ရန် ကျွမ်းကျင်မှုအဆင့်မြင့်ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုကို ခန့်အပ်တာဝန်ပေးအပ်နိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ယူစွာတင်ပြအပ်ပါသည်။ Yoma Central စီမံကိန်းကို Bouygues ဆောက်လုပ်ရေး၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် Dragages Singapore Pte Ltd နှင့် Taisei Corporation တို့၏ အကျိုးတူကုမ္ပဏီ BTJV Myanmar Company Limited မှဆောက်လုပ်သွားမည်ဖြစ်ပြီး ၊ Peninsula Yangon စီမံကိန်းကိုမူ Dragages Singapore Pte Ltd နှင့် Yoma Strategic Holdings တို့၏ အကျိုးတူကုမ္ပဏီ BYMA Myanmar Pte Ltd မှ ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ၎င်းစီမံကိန်းသည် ရန်ကုန်မြို့၏ အဆင့်မြင့်အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍတွင် စံပြအဆောက်အဦတစ်ခုဖြစ်လာပြီး ရေရှည်အကျိုးအမြတ်များစွာရရှိအောင် စွမ်းဆောင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဟု မျှော်မှန်းထားပါသည်။

ပန်းလှိုင်စီလုံဆေးရုံမှလည်း ယခုနှစ်ဂက်တွင်ဂင်ငွေ၂၆.၇%တိုးတက်ခဲ့သည့်အပြင် အရည်အသွေးမီကျန်းမာရေးဂန်ဆောင်မှုများပေးနိုင်ရန် မြန်မာနိုင်ငံရှိအခြားမြို့ကြီးများဖြစ်သည့် မန္တလေး၊ တောင်ကြီး၊ ပြည်၊ မော်လမြိုင်တို့တွင် ဆေးရုံသစ်များတိုးချဲ့တည်ဆောက်နေပြီ ဖြစ်သောကြောင့် နောင်တွင်ဆက်လက်တိုးတက်သွားမည်ဟုမျှော်မှန်းထားပြီး ၎င်း၏ဆေးရုံကွန်ရက်စတင်လည်ပတ်ပါက ပိုမိုဖြစ်ထွန်း အောင်မြင်လာမည်ဟုယုံကြည်ထားပါသည်။

စတုတ္ထမြောက်မဏ္ဍိုင်ဖြစ်လာနိုင်သော ခရီးသွားလုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံထားမှုများမှာလည်း ပြန်လည်ဖွဲ့စည်းမှုအသစ်ဖြင့်ဆက်လက် တိုးတက်လျက်ရှိပါသည်။ အရေးပါသောစီးပွားရေးလုပ်ငန်းဖြစ်သည့် Balloons over Bagan ၊ Tour & Event Management လုပ်ငန်းကိုလုပ်ကိုင်သည့် Asia Holidays ၊ အပန်းဖြေဟိုတယ်များဖြစ်သည့် Pun Hlaing Lodge နှင့် Hpa-An Lodge စသည်တို့ကို “Memories Group” ဟူသည့် အမည်တံဆိပ်လက်အောက်တွင် ဂန်ဆောင်မှုမျိုးစုံပေးသော ခရီးသွားဂန်ဆောင်မှုတစ်ရပ်အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီမှအရေးပါသောရယ်ယာတစ်စိတ်တပိုင်းကိုပိုင်ဆိုင်သည့် ၎င်း Memories Group ကို နိုင်ငံတကာခရီးသွားဂန်ဆောင်မှုနယ်ပယ်တွင် အတွေ့အကြုံမြောက်များစွာရှိသည့်စီမံခန့်ခွဲမှုအဖွဲ့မှ ဦးဆောင်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနှင့်လည်း အဆင့်မြင့်ခရီးသွားရပ်ဂန်းအဆင့်သို့ အလျင်အမြန်တိုးတက်လာနေသည့်အတွက် ကုမ္ပဏီအုပ်စုအနေနှင့် မှန်ကန်သည့်အနေအထားတွင် အသင့်ရှိနေကြောင်းကိုတင်ပြအပ်ပါသည်။

တိုးတက်လာသောပြိုင်ဆိုင်မှုနှင့်အတူ အခွင့်အလမ်းအများအပြားသီးပွင့်လာပြီဖြစ်သောကြောင့် ကုမ္ပဏီအုပ်စုအနေနှင့် နီးကြားသော ရင်းနှီးမြှုပ်နှံမှုအမြင်နှင့် စီးပွားရေးလက်တွဲဖော်ဆောင်မှုတို့ကိုအလေးပေး၍ မြန်မာ့စီးပွားရေးနယ်ပယ်တွင် ဆက်လက်ရပ်တည်သွားမည် ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park
Rain Tree Drive, HlaingTharyarTs.
Yangon, Myanmar
Tel: (01) 3687766
www.fmi.com.mm